မြို့ နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့

မင်းလှမြို့

အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၅)

၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၃ ရက်

( ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် )

၁။ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး လိုင်စင်များနှင့်ပတ်သက်၍ အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်အခွင့်အရေးလိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ပါအတိုင်းလိုက်နာဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်များကို BOT စနစ်ရရှိသောကုမ္ပဏီများအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါ၍ လိုင်စင်စည်းကမ်း ညွှန်ကြားချက်များနှင့် ညီညွတ်သူမြန်မာနိုင်ငံသားမည်သူမဆို လာရောက်ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့် နေ့ရက်/အချိန် | လျှောက်လွှာပိတ်ရက် နေ့ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၃-၁-၂၀၂၆(အင်္ဂါနေ့)<br>နံနက်(၁၀:၀၀)နာရီ | ၁၂-၁-၂၀၂၆(တနင်္လာနေ့)<br>ညနေ(၁၆:၃၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၁-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)<br>နံနက်(၁၀:၀၀)နာရီ | ၂၀-၁-၂၀၂၆(အင်္ဂါနေ့)<br>ညနေ(၁၆:၃၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၂၈-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)<br>နံနက်(၁၀:၀၀)နာရီ | ၂၇-၁-၂၀၂၆(အင်္ဂါနေ့)<br>ညနေ(၁၆:၃၀)နာရီ | |
| ၄။ | ချိတ်ပိတ် | ၄-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)<br>နံနက်(၁၀:၀၀)နာရီ | ၃-၂-၂၀၂၆(အင်္ဂါနေ့)<br>ညနေ(၁၆:၃၀)နာရီ | |
| ၅။ | အခြားနည်း | ၁၁-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)<br>နံနက်(၁၀:၀၀)နာရီ | ၁၀-၂-၂၀၂၆(အင်္ဂါနေ့)<br>ညနေ(၁၆:၃၀)နာရီ | |

လိုင်စင်ရောင်းချမည့်နေရာ - မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး။

၂။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူသည် လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်းပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊

(ခ) ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျက်ရှိသော လိုင်စင်စီ ဟောင်းမဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့်မြို့နယ်အတွင်း အနည်း ဆုံး(၁)နှစ်နေထိုင်ပြီးသူဖြစ်ရမည်။ ထိုသို့နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စု စာရင်း(လ၀ကပုံစံ ၆၆/၆) တင်ပြနိုင်ရမည်။

(ဂ) သက်ဆိုင်ရာပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံ ချက်၊

(ဃ) စားပွဲတင်အာမခံငွေပေးသွင်းထားသည့် အထောက်အထားငွေထုတ်ယူခွင့် အမိန့်(POP) (Payment Order Private)၊

(င) လျှောက်ထားသူအမည်ပေါက် အရှုပ်အရှင်း၊ အပေါင်အနှံ ကင်းရှင်းသည့် သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် သတ်မှတ်ကြမ်းခင်းဈေး တန်ဘိုး ထက်လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက် အဦး၊ အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ၊ အိမ်မြေဂရန်စသည့် မူရင်း အထောက်အထား များ၊

(စ) မြေ၊ အဆောက်အဦးပိုင်ဆိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ် ရေးမှူးထောက်ခံချက်၊ ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ် မူရင်းများ၊ အာမခံတင်သွင်းသည့် အိမ်၊ခြံ၊မြေ ၏ ရှေ့/နောက်/ဝဲ/ယာ အလား လေးဘက်ဓါတ်ပုံ(၄)ပုံ၊

(ဆ) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဇ) သက်ဆိုင်ရာရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန် ကြောင်းထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာမြို့နယ်စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့် ထောက်ခံချက်၊

(ည) ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှလာရောက်၍ လေလံဆွဲဝယ်မည့် သူနှင့် ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်လေလံဆွဲဝယ်သူဖြစ်ပါက မရွှေ့ မပြောင်းနိုင်သောပစ္စည်း အိမ်၊ခြံ၊မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြရာတွင် ၎င်းအိမ်၊ ခြံ၊ မြေတည်နေရာမြို့နယ်မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်တင်ပြချက်အပေါ် မြို့နယ်အမှုဆောင်အရာရှိ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်၊

၃။ အောက်ပါပုဂ္ဂိုလ်များအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက်၍ အမည်ပျက်စာရင်းဝင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊

(ခ) ဤစည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ(Special Power)ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင်လာရောက်ဆွဲဝယ်ခြင်းမပြုသူများ၊

(ဃ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေး ပေးဆောင်ရန်နှင့် အခြားအခွန်၊ အခ၊ အကောက်ကြွေးကျန်ရှိသူများ၊

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချရာတွင် လိုင်စင်ဆွဲဝယ်မည့်သူကိုယ်တိုင် (ကိုယ်တိုင်) လာရောက်ရမည်။ လိုင်စင်ဆွဲဝယ်ရရှိပါက လိုင်စင်ကြေးများကို လိုင်စင်ရရှိသူကိုယ်တိုင် (ကိုယ်တိုင်)ဘဏ်သို့ပေးသွင်းရမည်။ လိုင်စင်ဆွဲဝယ်ရာတွင် အဖွဲ့၌ လျှောက်လွှာတင်သွင်းသူကိုသာ လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်။ ကိုယ်စားလှယ်ဖြင့် လာရောက်ဆွဲဝယ်ခွင့်ပြုမည် မဟုတ်ပါ။

၅။ လိုင်စင်ဆွဲဝယ်သူသည် လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာအား သတ်မှတ်ထားသည့် လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။ လျှောက်လွှာတင်သွင်းသည်နှင့်တပြိုင်နက်တည်း လုပ်ငန်းလိုင်စင်အလိုက် သတ်မှတ်ကြမ်းခင်းဈေး၏ (၅၀%)ဖြစ်သည့် စားပွဲတင်အာမခံငွေကို မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ သတ်မှတ်သည့်အတိုင်းပေးသွင်း၍ ပေးသွင်းသည့်အထောက်အထားကို အဖွဲ့ရုံးသို့အပ်နှံထားရမည့်အပြင် ၎င်းငွေအတိုင်း အမှုဆောင်အရာရှိ၊ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် (Payment Order Private)ကို တစ်ပါတည်းတင်သွင်းရမည်။

၆။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်းဝင်ရောက်ခြင်း မရှိသူများအားလည်းကောင်း၊ အခွင့်အရေးလိုင်စင်များ ရောင်းချသည့်ခန်းမအတွင်း လေလံတစ်ခုချင်းစီအား ထပ်တိုးသည့် လေလံကြေးအထိ(၃)ကြိမ်ထက် မနည်းယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ စားပွဲတင်အာမခံငွေအား အဖွဲ့ပိုင်ငွေအဖြစ် သိမ်းယူပြီး အမည်ပျက်စာရင်းကြေညာခြင်းခံရမည်။ လေလံရောင်းချနေစဉ် ကြိမ်ခေါ်ဈေးနှုန်းတစ်ကြိမ်နှင့် တစ်ကြိမ်ကြားကို လေလံရောင်းချရေးအဖွဲ့မှ သတ်မှတ်သည့်နှုန်းအတိုင်း တိုး၍တင်သွင်းရမည်။ လိုက်နာခြင်းမရှိပါက လေလံစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်။

၇။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀)ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ လေလံအောင်မြင်သူများ၏ အာမခံအပ်ငွေ ၁၀ ပုံ ၁ပုံအား သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်တွင်ပေးသွင်း၍ လေလံကြေး ၅ပုံ၁ပုံ သို့မဟုတ် အကြေ သို့မဟုတ် တိုင်းဒေသကြီးပြင်ပ ၅၀% တို့အား ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်စတွင် (၃-၄-၂၀၂၆) ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။

၈။ လိုင်စင်ဆွဲဝယ်ရရှိသူသည် လိုင်စင်တန်ဘိုး ကျပ်သိန်း(၂၀)နှင့်အောက်ဖြစ်ပါက လိုင်စင်ဆွဲဝယ်ရရှိသည်နှင့်တပြိုင်နက် အကြေပေးသွင်းရမည်။ သတ်မှတ်အသားဈေးနှုန်းအနည်းဆုံးဖြင့်ရောင်းချနိုင်သူအား ဦးစားပေးချထားပေခြင်းစနစ်အရ သားသတ်လိုင်စင်တစ်ခုကို လိုင်စင်စီ(၁)ဦးထက်ပို၍ ခွဲဝေချထားပေးပါက တစ်ဦးချင်းဆောင်ရွက်ခွင့်ရှိသော လိုင်စင်ကြေးသည် ကျပ်သိန်း(၂၀)နှင့်အောက်ဖြစ်ပါက လိုင်စင်ကြေးကို အကြေပေးသွင်းရမည် ဖြစ်ပါသည်။

၉။ အရပ်ရပ်အခွင့်အရေးလိုင်စင်လေလံဝင်ရောက်ဆွဲဝယ်ရာတွင် သားသတ်အခွင့်အရေးလိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း/ သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့် လေလံအောင်မြင်စွာဆွဲဝယ်ရရှိပါက လေလံအောင်မြင်သူများ၏ လေလံကြေး ၁၀ပုံ၁ပုံ အာမခံငွေအား လေလံအောင်မြင်စွာ ဆွဲဝယ်ရရှိပြီး သည်နှင့်တပြိုင်တည်း စားပွဲတင်အာမခံငွေအဖြစ် တင်သွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP)မှ ခုနှိမ်ပေးသွင်းနိုင်သည်။ လေလံအောင်မြင်သူများသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်း အာမခံတင်သွင်းပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုး၏ ၅ပုံ၁ပုံနှင့်ညီမျှသော ငွေသား သို့မဟုတ် ငွေစုစာအုပ် တင်ပြရမည်။ တိုင်းဒေသကြီးပြင်ပမှ လေလံအောင်မြင်သူဖြစ်ပါက မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းတင်သွင်းလျှင် မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုး၏ ၂ပုံ၁ပုံ နှင့်ညီမျှသည့် ငွေသား သို့မဟုတ် ငွေစုစာအုပ်ကို တင်ပြရမည်။ မည်သည့်လိုင်စင်ကိုမဆို မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်သွင်းခြင်းမပြုပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုး နှင့်ညီမျှသော ငွေသား သို့မဟုတ် ငွေစုစာအုပ်ကို တင်ပြရမည်။

၁၀။ လေလံဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာပါက လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားအဖြစ်ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေကို သိမ်းယူခြင်းခံရမည်။

၁၁။ လိုင်စင်ရောင်းချရေးအဖွဲ့သည် မည်သည့်အခွင့်အရေးလိုင်စင်များကိုမဆို အဖွဲ့ဝင်ငွေတိုးတက်ရေးအတွက် တစ်ပေါင်းတည်းစု၍ဖြစ်စေ၊ တစ်ခုချင်းခွဲ၍ဖြစ်စေ ရောင်းချနိုင်သည်။ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိပါကတာဝန်ဝတ္တရားနှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၂။ လေလံဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်းထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက် တစ်ကြိမ်ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိရမည်။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးယူသူ နှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကိုရုတ်သိမ်းပြီး ၎င်းတို့အား အမည်ပျက်စာရင်း တင်သွင်းကြောငြာမည်။ လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည်ရုတ်သိမ်း၍ အသစ်တဖန်ပြန်လည်ရောင်းချမည်။

၁၃။ လိုင်စင်ဆွဲဝယ်လိုသူများသည် ဆွဲဝယ်လိုသော လိုင်စင်အတွက် လျှောက်လွှာ တင်သွင်းရမည့်နေ့ရက်/အချိန်ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၄။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုသည့်အချက်အလက်များအား မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးဖုန်းနံပါတ် ၊ ၀၅၃-၃၀၀၂၉ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

အမှုဆောင်အရာရှိ
( သိတာဝင်း၊ ဦးစီးအရာရှိ )

စာအမှတ်၊ ၉၃၃ / ဃ - ၂ / မလ-၂ (၀၀၁)
ရက် စွဲ ၊၂၀၂၅ ခုနှစ် ဒီဇင်ဘာ လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး
ဌာနဆိုင်ရာများအားလုံး
အုပ်ချုပ်ရေးမှူး၊ - - - - - - - - - - - - ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး(ကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
လိုင်စင်စီများအားလုံး
ဈေးတာဝန်ခံများအားလုံး (မင်းလှ၊ စစ်ကွင်း ဈေးတာဝန်ခံရုံး ကြော်ငြာသင်ပုန်းတွင်ကြော်ငြာရန်)

**မိတ္တူကို**

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာယာဝတီမြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းလှမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မင်းလှမြို့
သက်ဆိုင်ရာလေလံအမှုတွဲများ
လက်ခံစာတွဲ
မျှောစာတွဲ

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားချက်ပါအတိုင်းဆောင်ရွက်မည့်
သားသတ်လိုင်စင်နှင့် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်၊ သက်တမ်းတိုးစနစ်/ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်
အရပ်ရပ်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး (ကျပ်) | POP ဖြင့်တင်သွင်းရ မည့် စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်သားသတ်လိုင်စင်များ** | | | |
| ၁ | မင်းလှဈေးဝက်သားသတ်လိုင်စင် | ၁၃၀၀၀၀၀၀ | ၆၅၀၀၀၀၀ | |
| ၂ | စိန်ကန့်လန့်ဈေးဝက်သားသတ်လိုင်စင် | ၇၀၀၀၀၀၀ | ၃၅၀၀၀၀၀ | |
| ၃ | စစ်ကွင်းဈေးဝက်သားသတ်လိုင်စင် | ၂၄၀၀၀၀၀ | ၁၂၀၀၀၀၀ | |
| ၄ | မင်းလှဈေးအမဲသားသတ်လိုင်စင် | ၈၃၀၀၀၀၀ | ၄၁၅၀၀၀၀ | |
| ၅ | စိန်ကန့်လန့်ဈေးအမဲသားသတ်လိုင်စင် | ၄၁၀၀၀၀၀ | ၂၀၅၀၀၀၀ | |
| ၆ | စစ်ကွင်းဈေးအမဲသားသတ်လိုင်စင် | ၂၁၀၀၀၀၀ | ၁၀၅၀၀၀၀ | |
| ၇ | မင်းလှဈေးဆိတ်သားသတ်လိုင်စင် | ၇၂၀၀၀၀၀ | ၃၆၀၀၀၀၀ | |
| ၈ | စိန်ကန့်လန့်ဈေးဆိတ်သားသတ်လိုင်စင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ | |
| ၉ | စစ်ကွင်းဈေးဆိတ်သားသတ်လိုင်စင် | ၁၂၀၀၀၀၀ | ၆၀၀၀၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့် မြို့နယ်ဝင်ကြေးကောက်လိုင်စင်** | | | |
| ၁၀ | မင်းလှမြို့နယ်ဝင်ကြေးကောက်လိုင်စင် | ၁၀၀၀၀၀၀၀၀ | ၅၀၀၀၀၀၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့် အပေါင်ဆိုင်လိုင်စင်များ** | | | |
| ၁၁ | အမှတ်(၂)ရပ်ကွက်အပေါင်ဆိုင်လိုင်စင်(၂) | ၁၆၁၂၀၀၀ | ၈၀၆၀၀၀ | |
| ၁၂ | အမှတ်(၄)ရပ်ကွက်အပေါင်ဆိုင်လိုင်စင် | ၁၅၁၆၀၀၀ | ၇၅၈၀၀၀ | |
| ၁၃ | အမှတ်(၃)ရပ်ကွက်အပေါင်ဆိုင်လိုင်စင် | ၁၅၁၆၀၀၀ | ၇၅၈၀၀၀ | |
| ၁၄ | ထောက်ကြံ့ကွင်းကျေးလက်အပေါင်ဆိုင် | ၇၈၇၀၀၀ | ၃၉၃၅၀၀ | |
| | **ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် လိုင်စင်များ** | | | |
| ၁၅ | မင်းလှဈေး ဈေးကောက်လိုင်စင် | ၂၁၀၆၅၀၀၀ | ၁၀၅၃၂၅၀၀ | တစ်ပေါင်းတည်း စုစ်၍ ရောင်းချပါမည်။ |
| ၁၆ | စစ်ကွင်းဈေး ဈေးကောက်လိုင်စင် | ၃၃၆၆၀၀၀ | ၁၆၈၃၀၀၀ | |
| ၁၇ | မင်းလှမြို့ယာဉ်ဂိတ်ဝင်ရပ်နားခလိုင်စင် | ၁၇၆၀၀၀၀ | ၈၈၀၀၀၀ | |
| ၁၈ | မင်းလှဈေးစက်ဘီးထိန်းလိုင်စင် | ၇၈၁၀၀၀၀ | ၃၉၀၅၀၀၀ | |
| ၁၉ | မင်းလှဈေး ရေလောင်းအိမ်သာလိုင်စင် | ၃၈၅၀၀၀၀ | ၁၉၂၅၀၀၀ | |
| ၂၀ | မင်းလှမြို့နွားပွဲဈေးလိုင်စင် | ၁၁၂၇၅၀၀၀ | ၅၆၃၇၅၀၀ | တစ်ပေါင်းတည်း စု၍ ရောင်းချပါမည်။ |
| ၂၁ | မင်းလှမြို့နွားပွဲဈေးစက်ဘီးကောက်လိုင်စင် | ၁၂၁၀၀၀၀ | ၆၀၅၀၀၀ | |
| | **စုစုပေါင်း** | **၂၀၂၀၆၇၀၀၀** | **၁၀၁၀၃၃၅၀၀** | |